**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

ညွှန်ကြားချက်အမှတ် ၄ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

**မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၃၆ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤညွှန်ကြားချက်ကို **မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်**ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေတို့အရ ဖွဲ့စည်းသော အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **နေပြည်တော်ကောင်စီ**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နေပြည်တော်ကောင်စီ ဥပဒေတို့အရ ဖွဲ့စည်းသော နေပြည်တော်ကောင်စီကိုဆိုသည်။

(ဂ) **ဦးစီးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ**ဒေသ**ဦးစီးအဖွဲ့ကိုဆိုသည်။

(ဃ) **ခရိုင်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(င) **မြို့နယ်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(စ) **ခရိုင်ကော်မတီ**ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်အရ ဖွဲ့စည်းသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကိုဆိုသည်။

(ဆ) **မြို့နယ်ကော်မတီ**ဆိုသည်မှာ ဤညွှန်ကြားချက်အရဖွဲ့စည်းသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤညွှန်ကြားချက်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ မူဝါဒများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ကောင်းမွန်သော ဒေသန္တရ အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်ရန်၊

(ဂ) ပြည်သူကိုဗဟိုပြုသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်၊

(ဃ) မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(င) မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(စ) မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ကြမည့်အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## မြို့နယ်အုပ်ချုပ်ရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်၏ အုပ်ချုပ်ရေးတာဝန်ခံဖြစ်သည်။

၅။ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခြင်း၊ သတင်းရရှိစေရေးစီစဉ်ဆောင်ရွက်ခြင်းများပြုရမည့်အပြင် စစ်ဆေးတွေ့ရှိမှု၊ သတင်းရရှိမှု အခြေအနေ များကို ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူးသို့ ချက်ချင်းတင်ပြရမည်-

(က) နိုင်ငံတော်နယ်နိမိတ်မှတ်တိုင်များ၊ နယ်နိမိတ်ရည်ညွှန်းမှတ်တိုင်များ၊ နယ်နိမိတ် အထောက်အထားမှတ်တိုင်များ၊ နယ်နိမိတ်ခြစည်းရိုးများ ပျက်စီးယိုယွင်းမှု၊ ပျောက်ဆုံးမှု သို့မဟုတ် နေရာပြောင်းရွှေ့မှု၊

(ခ) မိမိဒေသနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများ၏ နယ်မြေဒေသအကြား ဖြစ်ပေါ်သောပြဿနာများ၊ ထူးခြားသည့်အခြေအနေများ၊

(ဂ) မိမိဒေသနှင့်နယ်နိမိတ်ချင်းဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများ၏နယ်မြေဒေသတို့ အကြားရှိ နယ်နိမိတ်မြစ်၊ ချောင်းများ၏ ရေကြောင်းပြောင်းလဲမှုများနှင့် ရေကြောင်း ပြောင်းလဲစေရန် တစ်နည်းနည်းဖြင့်ဆောင်ရွက်မှုများ၊

(ဃ) နိုင်ငံတော်နယ်နိမိတ်မျဉ်းတစ်လျှောက် တရားမဝင်ဝင်ထွက်သွားလာမှုနှင့် နှစ်နိုင်ငံ အဆောက်အဦ မဆောက်လုပ်ရဇုန်အတွင်း အဆောက်အဦနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မှု၊

(င) နိုင်ငံတော်နယ်နိမိတ်အဖြစ်တည်ရှိသော မြစ်၊ ချောင်းများအတွင်း အဆိပ်အတောက်၊ ဘေးဥပါဒ် ဖြစ်စေသောအရာများကို တစ်ဖက်နိုင်ငံ သို့မဟုတ် မိမိဒေသကစွန့်ပစ်မှု၊ နယ်စပ်ဒေသတစ်ဖက်နိုင်ငံတွင် ကူးစက်မြန်ရောဂါ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားမှု၊

(စ) နိုင်ငံတော်နယ်နိမိတ်တောင်ကြောတွင် တစ်ဖက်နိုင်ငံက ကျောက်မိုင်း သို့မဟုတ် သတ္တု တူးဖော်မှု၊ မိမိပိုင်နက်နယ်မြေအတွင်း နှစ်တို၊ နှစ်ရှည်ပင် ကျူးကျော်ဝင်ရောက် စိုက်ပျိုး လုပ်ကိုင်မှု၊

(ဆ) နယ်စပ်ဒေသတွင် တစ်ဖက်နိုင်ငံက စစ်ရေးလှုပ်ရှားမှု သို့မဟုတ် စစ်စခန်းတည်ဆောက်မှု၊ စစ်မက်ရေးရာနှင့်စပ်လျဉ်းသည့် အခြားကိစ္စရပ်များပြုလုပ်မှု၊ ပြည်ပမှကျူးကျော်ဝင် ရောက်မှု။

၆။ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နှစ်နိုင်ငံချစ်ကြည်ရေးမြို့တော် မိတ်ဖက်ထူထောင်ရေး ကိစ္စများ၊ နယ်စပ်ဈေး၊ နယ်စပ်ဂိတ်၊ နယ်စပ်ကုန်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေးစသည့် ကဏ္ဍများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။

၇။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အများပြည်သူအကျိုးငှာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် အထွေထွေစည်းကမ်းလိုက်နာစေရေးအတွက် ဥပဒေနှင့်အညီ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၈။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အစိုးရအဖွဲ့အစည်းအဆင့်ဆင့်ကကြီးမှူးကျင်းပသည့် အခမ်းအနား များနှင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်စေရေး အတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆွေးနွေးစည်းရုံးခြင်းတို့ကိုဆောင်ရွက်ရန် တာဝန်ရှိသည်။

၉။ မြို့နယ်အုပ်ချုပ်ရေးမှူးသည်-

(က) မြို့နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း သို့မဟုတ် စစ်ဆေးခြင်း ပြုနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)ပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှအပ မြို့နယ်အတွင်းတာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း သို့မဟုတ် ကြီးကြပ်ခြင်းပြုနိုင်သည်။

၁၀။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့အုပ်ချုပ်ရေးမှူးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကသတ်မှတ်သည့် မြို့အုပ်ချုပ်ရေးလုပ်ငန်းများကို တာဝန်ခံအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း(၄)

## မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | တပ်မတော်သားကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဥပဒေအရာရှိ<br>မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (င) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး | အဖွဲ့ဝင် |
| (ဆ) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

၁၂။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာဦးစီးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ခရိုင်ကော်မတီဥက္ကဋ္ဌကို တာဝန်ခံရမည်။

၁၃။ မြို့နယ်ကော်မတီသည် မြို့နယ်အတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။

၁၄။ မြို့နယ်ကော်မတီသည် တည်ဆဲဥပဒေများနှင့်အညီ အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များရှိသည်-

(က) မြို့ပြနှင့်ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်း၊ ပယ်ဖျက်ခြင်းအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းအပါအဝင် လိုအပ်သည့်ကိစ္စများအား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ခြင်းကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) နိုင်ငံပိုင်မြေ၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ယင်းမြေပေါ်တွင် ကျူးကျော်သူကိုတားမြစ်စေခြင်း၊ ရှင်းလင်းဖယ်ရှားစေခြင်းနှင့် လိုအပ်ပါကအရေးယူစေခြင်း၊

(ဃ) ခွင့်ပြုချက်မရှိဘဲ ရပ်ကွက် သို့မဟုတ် ကျေးရွာဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်း၊ အမည်ပေးခြင်း၊ အိမ်စုအသစ်ဆောက်လုပ်ခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တားမြစ်စေခြင်း၊ ရှင်းလင်းဖယ်ရှားစေခြင်းနှင့် လိုအပ်ပါက အရေးယူစေခြင်း၊

(င) လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်း၊

(စ) စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်မှုကို ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဘေးဥပါဒ်ဖြစ်စေနိုင်သော အစားအသောက်၊ ဆေးဝါးနှင့် အသုံးအဆောင်များအား ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းဆိုင်ရာကိစ္စရပ်များကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား အရေးယူစေခြင်း၊

( ဇ ) ကိုးကွယ်သည့်ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာအရ လှူဒါန်းပေးကမ်းသည့်ကိစ္စရပ်များမှတစ်ပါး ခွင့်ပြုချက်မရှိဘဲ အလှူခံခြင်း၊ တရားမဝင်အဖွဲ့အစည်း၊ ယင်းနှင့်ဆက်စပ်သောပုဂ္ဂိုလ်အား လှူဒါန်းပေးကမ်းခြင်းများကို တားဆီးခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူစေခြင်း၊

( ဈ ) နယ်စပ်ဒေသတွင် လူမှုစီးပွားဘဝအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) နိုင်ငံသားလျှောက်ထားခြင်းဆိုင်ရာကိစ္စ၊ လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မှုကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဋ ) အမျိုးသမီး၊ ကလေးသူငယ်နှင့် မသန်စွမ်းသူများ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းအကောင်အထည်ဖော်မှုကို ပေါင်းစပ်ညှိနှိုင်းခြင်း၊

( ဌ ) ပြည်တွင်းအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သောနိုင်ငံတာကာအသင်းအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား အရေးယူစေခြင်းနှင့် ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီသို့တင်ပြခြင်း၊

( ဍ ) မြို့နယ်အဆင့်အစိုးရဌာန၊ အစိုးရဌာနအဖွဲ့အစည်း၏ စာရင်းအင်း၊ ကိန်းဂဏန်း၊ အချက်အလက်များ မှန်ကန်စေရေးကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဎ ) ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီက အခါအားလျော်စွာပေးအပ်သော စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၁၅။ မြို့နယ်ကော်မတီသည် ဤညွှန်ကြားချက်ပါ မိမိ၏လုပ်ငန်းတာဝန်များကို မြို့နယ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ခွဲဝေသတ်မှတ်ပေးအပ်နိုင်သည်။

၁၆။ မြို့နယ်ကော်မတီသည် မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုဆောင်ရွက်ရမည်–

(က) ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နယ်မြေအတွင်းရှိ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး လုံခြုံရေးစီမံချက်ရေးဆွဲခြင်းနှင့် ယင်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေး တို့နှင့်စပ်လျဉ်း၍ အကူအညီတောင်းခံလာပါက ပံ့ပိုးကူညီခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဂ ) လုံခြုံရေးများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ရာဇဝတ်မှုဆိုင်ရာမှုခင်းများ အရေးယူဆောင်ရွက်ရာတွင် မှန်ကန်မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( င ) မှုခင်းကာကွယ်တားဆီးရေး၊ မှုခင်းနှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းကို တည်ဆဲ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

( စ ) လုံခြုံရေး၊ ပြစ်မှုကြိုတင်ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးဆိုင်ရာလုပ်ငန်းများ၊ အများပြည်သူစိတ်ပြိုင်ပြင်စေသည့် နှောင့်ယှက်မှုနှင့် အန္တရာယ်ပြုမှုများကို တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) ရှုန်းရင်းဆန်ခတ်မှု သို့မဟုတ် ပဋိပက္ခများကို ကာကွယ်တားဆီးရာတွင် ပူပေါင်း ဆောင်ရွက်ပြီး ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီသို့တင်ပြခြင်း၊

( ဇ ) လုံခြုံရေး၊ အုပ်ချုပ်ရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အန္တရာယ်ဖြစ်စေရန် အကြောင်းရှိသည့် လှုပ်ရှားဆောင်ရွက်မှုများကို တားဆီးကာကွယ်ခြင်း၊ ဖော်ထုတ်အရေးယူစေခြင်းနှင့် ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီသို့တင်ပြခြင်း၊

( ဈ ) နိုင်ငံခြားသားဝင်ထွက်သွားလာမှုနှင့် လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) အကျဉ်းထောင်နှင့် အကျဉ်းစခန်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စစ်ပြေး၊ ရဲပြေး၊ ရဲဘက်ပြေးနှင့် တရားခံပြေး ဖော်ထုတ်အရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းခြင်း။

## အခန်း(၅)

## မြေယာစီမံခန့်ခွဲရေး၊ စားရေရိက္ခာ ဖူလုံရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းတာဝန်များ

၁၇။ မြို့နယ်ကော်မတီသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ ဒေသနှင့်ဒေသအတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရေးကို အလေးထား ဆောင်ရွက်ရမည်။

၁၈။ မြို့နယ်ကော်မတီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ် များဖြင့် တိုးတက်စေရေး ပေါင်းစပ်ညှိနှိုင်းရမည်။

၁၉။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ မြေအသုံးချရေးဆိုင်ရာ အောက်ပါလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းရမည်-

(က) မြေယာစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၊

(ခ) လယ်ယာမြေစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၊

(ဂ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သည့်လုပ်ငန်းများ၊

(ဃ) မြေအသုံးချမှုဆိုင်ရာလုပ်ငန်းများ၊

(င) မြေလွှဲပြောင်းထားခြင်းဆိုင်ရာလုပ်ငန်းများ၊

(စ) လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဆိုင်ရာလုပ်ငန်းများ။

၂၀။ မြို့နယ်ကော်မတီသည် ဆည်မြောင်းနှင့်တာတမံဆိုင်ရာ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ခြင်းလုပ်ငန်း များအား သက်ဆိုင်ရာအစိုးရဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၁။ မြို့နယ်ကော်မတီသည် ဆည်မြောင်း၊ မြစ်၊ ချောင်း၊ တူးမြောင်း၊ လယ်ကြားမြောင်း၊ ရေဆိုး ထုတ်မြောင်း၊ ရေတွင်းရေကန်၊ စက်ရေတွင်း၊ လက်ရိုက်တွင်းတိမ်နှင့် စိမ့်စမ်းရေထွက်များကို အကျိုး ဖျက်ဆီးခြင်း သို့မဟုတ် ယင်းနေရာကို ကျူးကျော်ခြင်းပြုသူကို သက်ဆိုင်ရာအစိုးရဌာနက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ကြီးကြပ်ရမည်။

၂၂။ မြို့နယ်ကော်မတီသည် တာတမံပေါ်တွင်လည်းကောင်း၊ တာတမံ၏နယ်နိမိတ်အတွင်းတွင်လည်းကောင်း အကျိုးဖျက်ဆီးခြင်း၊ ကျူးကျော်ခြင်း၊ စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ စက်ယန္တရားတစ်ခုခုထားရှိအသုံးပြုခြင်းနှင့် တိရစ္ဆာန်တို့ကို လွှတ်ကျောင်းခြင်း သို့မဟုတ် စားကျက်ချခြင်းမရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာနက ဥပဒေနှင့်အညီအရေးယူနိုင်ရေး ကြီးကြပ်ရမည်။

၂၃။ သက်ဆိုင်ရာ မြို့နယ်ကော်မတီသည် ဒေသအတွင်း ဆန်ဖူလုံမှုရရှိရေးအတွက် စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ပြီး ပိုလျှံသည့် ဆန်များကို အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့နိုင်ရေး ပေါင်းစပ်ညှိနှိုင်းရမည်။

၂၄။ သက်ဆိုင်ရာ မြို့နယ်ကော်မတီသည် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ မြို့နယ်အတွင်း ဖူလုံမှုမှသည် အခြားဒေသများသို့ တင်ပို့နိုင်သည်အထိ ပေါင်းစပ်ညှိနှိုင်းရမည်။

၂၅။ မြို့နယ်ကော်မတီသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာအစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်-

(က) စိုက်ပျိုးရေးကဏ္ဍတွင် မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ မြေဆီလွှာ ကောင်းမွန်စေရေး၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာ၌ တစ်နှစ်တစ်သီး စိုက်ပျိုးသည့် ဧရိယာများတွင် သီးထပ်စိုက်ပျိုးနိုင်ရေး၊

(ခ) သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် သွင်းအားစုများ လုံလောက်စွာရရှိရေးနှင့် အချိန်ကိုက်အချိုးကျ ထည့်သွင်းအသုံးပြုနိုင်ရေး၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေး၊

(ဂ) စိုက်ပျိုးရေးလုပ်ငန်းများ ရာသီမရွေးလုပ်ဆောင်နိုင်ရေးတို့အတွက် နေရောင်ခြည်စွမ်းအင် သုံးရေရရှိရေးလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး၊

(ဃ) အဆင့်မြင့်လယ်ယာများ၊ စနစ်ကျ လယ်ယာမြေများ ဖော်ထုတ်နိုင်ရေး၊ အဆိုပါဧရိယာများတွင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ခေတ်မီစက်မှုလယ်ယာနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊

(င) သီးနှံများ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊

(စ) ခေတ်မီမွေးမြူရေးနည်းစနစ်များ အသုံးပြု၍ မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ အသားထုတ်လုပ်မှု တိုးတက်စေရေးနှင့် အသား၊ နို့၊ ဥ ဖူလုံစေရေး၊

(ဆ) စံပြစိုက်ပျိုးရေးဇုန်များနှင့် စံပြမွေးမြူရေးဇုန်များ အကောင်အထည်ဖော်နိုင်ရေး၊

(ဇ) စိုက်ပျိုးရေးနှင့်မွေးမြူရေး ထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သည့်အဆင့်အထိ ရောက်ရှိစေရေး၊

(ဈ) ငါးသယံဇာတပြုန်းတီးမှု မရှိစေရေး၊ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်း ဖူလုံစေရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ပြောင်းလဲ ထုတ်လုပ်စေရေးနှင့် ပြည်ပသို့တင်ပို့နိုင်စေရေး၊

(ည) စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်စေရေး၊

(ဋ) စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ လေ့လာဆန်းစစ်မှုပြုလုပ်ရေး၊ အသိပညာနှင့် နည်းပညာများ ဖြန့်ဝေရေး။

၂၆။ မြို့နယ်ကော်မတီသည် ရာသီသီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ သီးထပ်သီးညှပ်များစိုက်ပျိုးနိုင်ရေးနှင့် မြို့နယ်တွင်းဖူလုံရေးကိုသာမက အခြားဒေသသို့ တင်ပို့ရောင်းချနိုင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်စေရေး သက်ဆိုင်ရာအစိုးရဌာနများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၂၇။ မြို့နယ်ကော်မတီသည် မွေးမြူရေးဇုန်၊ မွေးမြူရေးစခန်းနှင့် ကျေးရွာအလိုက် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စေရေး သက်ဆိုင်ရာအစိုးရဌာနများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၂၈။ မြို့နယ်ကော်မတီသည် အရည်အသွေးကောင်းမွန်သည့် တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့် မွေးမြူရေးသုံးပစ္စည်းများကို မွေးမြူရေးလုပ်ငန်းများတွင်အသုံးပြုစေရေး ပေါင်းစပ်ညှိနှိုင်းခြင်းပြုရမည်။

၂၉။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာနများက အောက်ပါဇုန်များဖော်ထုတ်ခြင်းနှင့် ရေရှည်တည်တံ့စေရေးဆောင်ရွက်ခြင်းတို့ကို ပေါင်းစပ်ညှိနှိုင်းရမည်-

(က) မွေးမြူရေးဇုန်၊

(ခ) တိရစ္ဆာန်ရောဂါကင်းရှင်းရေးဇုန်၊

(ဂ) ရောဂါထိန်းချုပ်ရေးဇုန်။

၃၀။ မြို့နယ်ကော်မတီသည် တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သို့မဟုတ် ကူးစက်ရောဂါလက္ခဏာဖြင့် သေဆုံးကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရလျှင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာအစိုးရဌာနသို့ သတင်းပေးပို့စေရေး ကြီးကြပ်ရမည်။

၃၁။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာနက သစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်တောထွက်ပစ္စည်းများ စနစ်တကျထုတ်လုပ်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းအား သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၃၂။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာနက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၊ ကျေးရွာထင်းစိုက်ခင်းနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၃၃။ မြို့နယ်ကော်မတီသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများကို တရားမဝင်ထုတ်ယူခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနက စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်းတို့ကို ဆောင်ရွက်စေရေး ကြီးကြပ်ရမည်။

၃၄။ မြို့နယ်ကော်မတီသည် ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်စသည့် ဓာတ်သတ္တုပစ္စည်းများအား ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနက တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်စေရေး ကြီးကြပ်ရမည်။

၃၅။ မြို့နယ်ကော်မတီသည် ကျောက်မျက်ရတနာ၊ ဓာတ်သတ္တုနှင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများ တရားမဝင်ထုတ်လုပ်ခြင်း၊ တရားမဝင်ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ တရားမဝင်ရောင်းချခြင်းများမရှိစေရေး သက်ဆိုင်ရာအစိုးရဌာနက စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်းတို့ကို ဆောင်ရွက်စေရေး ကြီးကြပ်ရမည်။

၃၆။ မြို့နယ်ကော်မတီသည် မိမိမြို့နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများဖြစ်စေ ညစ်ညမ်းမှုဖြစ်ပေါ်စေမည့် မည်သည့်လုပ်ငန်းမဆိုဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ရမည်။

## အခန်း(၆)

## ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ

၃၇။ မြို့နယ်ကော်မတီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်အတွင်း စီးပွားရေးကဏ္ဍများ ပိုမိုတိုးတက်စေရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းရမည်။

၃၈။ မြို့နယ်ကော်မတီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) လုပ်ငန်းများတည်ထောင်နိုင်ရေး၊ လည်ပတ်နိုင်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) သတင်းအချက်အလက်နှင့်နည်းပညာ၊ အရင်းအနှီး၊ ချေးငွေနှင့် ဈေးကွက်ရရှိရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) လုပ်ငန်းဆိုင်ရာ အခက်အခဲများလျော့ပါးစေရေး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) အလုပ်သမား အရည်အသွေးမြင့်တင်ပေးရန် စီမံဆောင်ရွက်ပေးခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် သက်ဆိုင်ရာတည်ဆဲဥပဒေများကို လိုက်နာစေရေး ကြီးကြပ်ခြင်း၊

(စ) ထုတ်လုပ်မှုလုပ်ငန်းများ လည်ပတ်စေရေး၊ လိုအပ်သည့် ကုန်ကြမ်းများရရှိရေးနှင့် ကုန်ချောများဈေးကွက်သို့ အချိန်မီရောက်ရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ပါက ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီသို့ တင်ပြခြင်း၊

(ဆ) တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၃၉။ မြို့နယ်ကော်မတီသည် နည်းပညာကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) မြို့နယ်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုး ပါဝင်မှုအချိုးအစား မြင့်မားတိုးတက်စေရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ဆက်နွှယ်သော အခြားစီးပွားရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဖွံ့ဖြိုးလာစေရေး လိုအပ်သောချိတ်ဆက်ကူညီမှုများ ဆောင်ရွက်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) စက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ခေတ်မီနည်းပညာများ ရရှိစေရန်နှင့် စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့လည်း တင်ပို့နိုင်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့နည်းစေသော နည်းပညာများ ရယူအသုံးပြုစေရေး၊ စွမ်းအင်အနည်းဆုံးအသုံးပြုစေရေးနှင့် ဒေသတွင်းမှ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ အရင်းအမြစ်များရှာဖွေ၍ စွမ်းအင်ထုတ်လုပ်အသုံးပြုနိုင်စေရေးအတွက် စီမံဆောင်ရွက်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) မြို့ပြနှင့်ကျေးလက်ဒေသတို့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစေရေးအတွက် ကျေးလက်ဒေသများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အားပေးကူညီခြင်း၊

(င) ထုတ်လုပ်မှုတိုးတက်စေရေးအတွက် တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်နိုင်ရေး ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်သင့်သော ချီးမြှင့်မှုများ ပြုလုပ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်း။

၄၀။ မြို့နယ်ကော်မတီသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) မြို့နယ်ကော်မတီ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသန္တရစီမံကိန်းနှင့်အညီ ဆောင်ရွက်စေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မထပ်စေရေးစိစစ်ခြင်းနှင့် လိုအပ်ပါက ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီသို့ တင်ပြခြင်း၊

(ဃ) မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းပြီး ယင်းကော်မတီနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများအား ကြီးကြပ်ခြင်း၊ အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးနှင့် ကိုက်ညီမှုမရှိပါက ပြင်ဆင်ဆောင်ရွက်စေခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းအား အရေးယူစေခြင်း၊

(င) ကျေးလက်ဒေသများတွင် လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားသစ်များဆောက်လုပ်ခြင်း၊ လမ်းဟောင်းများ၊ တံတားဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်စေခြင်းနှင့် တွန်းအားပေးဆောင်ရွက်ခြင်း။

၄၁။ သက်ဆိုင်ရာ မြို့နယ်ကော်မတီသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့်စက်သုံးဆီများသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းများကို သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ခြင်းနှင့် အရေးယူစေခြင်း၊

(ခ) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တရားမဝင်သိုလှောင်မှုမရှိစေရေး သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာအစိုးရဌာနအား စစ်ဆေးစေခြင်းနှင့် အရေးယူစေခြင်း၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ တရားမဝင်သိုလှောင်မှု ရှိ မရှိ၊ ဖြန့်ဖြူးရောင်းချမှု ရှိ မရှိ သက်ဆိုင်ရာအစိုးရဌာနအား စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်းနှင့် အရေးယူစေခြင်း။

၄၂။ မြို့နယ်ကော်မတီသည် အိမ်ခြံမြေရောင်းဝယ်မှုများ၊ ရွှေရောင်းဝယ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်းများသို့ပေးပို့ရမည့် သတင်းအချက်အလက်များမှန်ကန်စေရေး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရမည်။

၄၃။ မြို့နယ်ကော်မတီသည် သမဝါယမအသင်းများ ဖွံ့ဖြိုးလာစေရန် ကူညီပံ့ပိုးခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုရမည်။

၄၄။ မြို့နယ်ကော်မတီသည် မြို့များနှင့် ကျေးလက်ဒေသများတွင် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍-

(က) အဆောက်အဦဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်ဆောက်လုပ်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကို တင်ပြလာပါက သဘောထားမှတ်ချက်ဖြင့် ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီသို့ တင်ပြခြင်း၊

(ခ) ကော်မတီတစ်ရပ်ရပ်က ဆောက်လုပ်ခွင့်ပြုထားခြင်းမရှိသော မြို့ပြစီမံကိန်းနှင့် ညီညွတ်မှုမရှိသည့် အဆောက်အဦများကို စစ်ဆေးခြင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုက သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်စေခြင်းနှင့် လိုက်နာခြင်းမရှိပါက အဆိုပါအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား အရေးယူစေခြင်း၊

(ဂ) အဆောက်အဦများကို မူလတင်ပြထားသည့် ပုံစံနှင့်အညီဆောက်လုပ်မှု ရှိ မရှိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား စစ်ဆေးစေခြင်း၊

(ဃ) သဘာဝဘေးဒဏ်ခံနိုင်သည့် အဆောက်အဦ အမျိုးအစားများ ဆောက်လုပ်အသုံးပြုစေရေး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား ကြီးကြပ်စေခြင်း။

## အခန်း(၇)
## မြို့ပြတည်ဆောက်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းတာဝန်များ

၄၅။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည် -

(က) မြို့အင်္ဂါရပ်နှင့်ကိုက်ညီသော မြို့ပြစီမံကိန်း စနစ်တကျရေးဆွဲခြင်း၊

( ခ ) ဒေသနှင့်ကိုက်ညီသည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း၊

( ဂ ) အသိပညာရှင်များနှင့် ဒေသခံပြည်သူများ၏ သဘောထားအမြင်များရယူပြီး စီမံကိန်းများအား လိုအပ်သလို ပြင်ဆင်ရေးဆွဲခြင်း။

၄၆။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည် -

(က) လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားများဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

( ခ ) သန့်ရှင်းသောရေပေးဝေခြင်းနှင့် လုံလောက်စွာဖြန့်ဖြူးခြင်း၊

( ဂ ) အမှိုက်နှင့် မိလ္လာစွန့်ပစ်ခြင်းနှင့် ရေဆိုးသန့်စင်စွန့်ပစ်ခြင်းဆိုင်ရာ ခေတ်မီစနစ်ဖော်ဆောင်ခြင်း၊

(ဃ) မြို့ပြလိုအပ်ချက်နှင့်အညီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း၊

( င ) ပန်းခြံ၊ ကစားကွင်း၊ သစ်ပင်စိုက်ခင်း တည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်း၊

( စ ) မော်တော်ယာဉ်နှင့် အနှေးယာဉ် အသုံးပြုမှုများကို ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဆ) သဘာဝဘေးဒဏ်ခံနိုင်သောအဆောက်အဦတည်ဆောက်ခြင်း၊

( ဇ ) ကုန်သွယ်ရေးစင်တာများ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ခြင်း၊

( ဈ ) ခေတ်မီနည်းပညာကို အသုံးပြု၍ မြို့ပြစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၄၇။ မြို့နယ်ကော်မတီသည် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများဖြင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်စေရမည်-

(က) သာသနိကဆိုင်ရာ အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံစသည့် တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်စေရေး ကြီးကြပ်ခြင်း၊

(ခ) ဆောက်လုပ်ရေးပစ္စည်းများ အရည်အသွေးပြည့်မီစေရေး၊ အရည်အသွေး မပြည့်မီပါက အရေးယူခြင်းနှင့် စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်စေခြင်း၊

(ဂ) တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ အတုအပထုတ်လုပ်မှု သို့မဟုတ် အတုအပ ရောင်းချကြောင်း စစ်ဆေးတွေ့ရှိပါက အရေးယူစေခြင်း။

၄၈။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့် အညီ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည် -

(က) ဒေသနှင့်သင့်လျော်သော လမ်းဖောက်လုပ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့် လမ်း သို့မဟုတ် တံတားပျက်စီးပါက အရေးပေါ် သွားလာ နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) မိုးခေါင်ရေရှားဒေသအတွက် ချောင်းပိတ်၊ ရေမြောင်းပိတ်၊ လျှိုပိတ်တမံဖြင့် ရေသိုလှောင် စနစ်ဖော်ဆောင်ခြင်းနှင့် ရေကန်တူးဖော်ခြင်း၊

(ဃ) ခေတ်မီလျှပ်စစ်သွယ်တန်းစနစ် အသုံးပြုခြင်း၊

(င) မီးသတ်ရေကန်နှင့် ရေငုတ်များတည်ဆောက်ခြင်း၊

(စ) အားကစားရုံနှင့် အားကစားကွင်းတည်ဆောက်ခြင်းနှင့် အားကစားလေ့ကျင့်နိုင်ရေး စီမံ ဆောင်ရွက်ခြင်း၊

(ဆ) စာကြည့်တိုက်နှင့် အီလက်ထရောနစ်စာကြည့်တိုက်များ တည်ထောင်ခြင်း၊

(ဇ) ဒေသထွက်ကုန်များ ရောင်းဝယ်ဖြန့်ဖြူးမည့် ဈေးနှင့်ကုန်စည်ဒိုင်များ ဖွင့်လှစ်ခြင်း၊

(ဈ) စက်မှုလုပ်ငန်းငယ်နှင့် စက်မှုဇုန်များဖွံ့ဖြိုးစေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း။

၄၉။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့် အညီ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) မြို့စည်ပင်သာယာရေးအစီအစဉ်များရေးဆွဲခြင်း၊

(ခ) ပန်းခြံများတည်ဆောက်ခြင်းနှင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊

(ဂ) ရှေးဟောင်းအမွေအနှစ် အဆောက်အဦများ ပြုပြင်ထိန်းသိမ်းခြင်း၊

(ဃ) ဈေးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်ခြင်း၊

(င) မြို့တွင်းလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊

(စ) လျှပ်စစ်မီးအပြည့်အဝရရှိရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊

(ဆ) အမှိုက်သိမ်းစနစ်၊ မိလ္လာစနစ်၊ ရေဆိုးသန့်စင်စွန့်ပစ်စနစ်နှင့် ရေမြောင်းစနစ်များ ကောင်းမွန်စေရေးဆောင်ရွက်ခြင်း၊

(ဇ) အများပြည်သူပူးပေါင်းပါဝင်နိုင်စေရန် စည်းရုံးဆောင်ရွက်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅၀။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေများ နှင့်အညီ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြု၍ အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများ တည်ဆောက်ခြင်း၊

(ခ) ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေး အစီအမံများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) စွမ်းအင်ချွေတာရေးစနစ်များ ကျင့်သုံးနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မဟာဓာတ်အားလိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်ကြီးများ စိုက်ပျိုးခြင်းမပြုရန်နှင့် လူနေအိမ်နှင့်အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်း မပြုရန် တားမြစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(င) ပွဲလမ်းသဘင်များအတွက် လျှပ်စစ်မီးသွယ်တန်း အသုံးပြုခြင်း၊ မီးထွန်းညှိခြင်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုစေရေး ကြီးကြပ်ခြင်း။

၅၁။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေ နှင့်အညီ အခွန်ဘဏ္ဍာငွေကောက်ခံရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ် ညှိနှိုင်းပေးရမည်-

(က) အခွန်ကိုစည်းကြပ်မှုမှ လွတ်ကင်းမှုမရှိစေရေး၊ အပြည့်အဝကောက်ခံနိုင်စေရေးနှင့် အခွန် တိမ်းရှောင်မှုများ မရှိစေရေး ဆောင်ရွက်ခြင်း၊

(ခ) အခွန်စည်းကြပ်ကောက်ခံရာတွင် ရှင်းလင်းလွယ်ကူပြီး အချိန်တိုအတွင်း ပေးဆောင်နိုင် စေရေး စီမံဆောင်ရွက်ခြင်း၊

(ဂ) အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကို ရရှိစေရေး ဆောင်ရွက်ခြင်း၊

(ဃ) အခွန်ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှုရရှိစေရေး ဆောင်ရွက်ခြင်း၊

( င) မြို့စည်ပင်သာယာနယ်နိမိတ်ဧရိယာအတွင်း စည်ပင်သာယာရေးဆိုင်ရာ အခွန်ငွေများ အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်ခြင်း။

၅၂။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် ဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းစီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်ဝယ်ထားရှိခြင်း ရှိ မရှိ ရှာဖွေခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် အရေးယူခြင်း၊

(ခ) အပိုဒ်ခွဲ(က)အရ သိမ်းဆည်းပစ္စည်းများအနက် ပျက်စီးလွယ်သော ပစ္စည်းများကို သင့်လျော်သော အစီအစဉ်ဖြင့် စီမံခန့်ခွဲခြင်း။

၅၃။ မြို့နယ်ကော်မတီသည် တည်ဆဲဥပဒေနှင့်အညီ ကဏ္ဍာစုံလွှမ်းခြုံသော မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆွဲခြင်း၊

(ခ) မြို့နယ်အဆင့် စီမံကိန်းနှင့်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

(ဂ) သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအတွက် ခွင့်ပြုသည့်ဘဏ္ဍာငွေကို မှန်ကန်ထိရောက်စွာ အသုံးပြုစေခြင်းနှင့် ယင်းစီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအား အရေးယူစေခြင်း။

၅၄။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့် အညီ ဘဏ္ဍာရေးကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) နိုင်ငံပိုင်ဘဏ္ဍာငွေများ၊ ပစ္စည်းများပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊

(ခ) ဆုံးရှုံးနိုင်ခြေရှိပြီး ကောက်ခံမရနိုင်သော အခွန်ငွေများနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပေးခြင်း။

## အခန်း (၈)

## လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များ

၅၅။ မြို့နယ်ကော်မတီသည် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအား ပံ့ပိုးကူညီရမည်။

၅၆။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ ပညာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂလိကစာသင်ကျောင်းများ တည်ဆဲဥပဒေနှင့်အညီ ဖွင့်လှစ်စေရေး ဆောင်ရွက်ခြင်း၊

(ဂ) အခြေခံပညာကျောင်းများအတွက် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာရရှိစေရေး ဆောင်ရွက်ခြင်း၊

(ဃ) စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားဦးရေ ပြည့်မီစေရေးအတွက် ကူညီဆောင်ရွက်ခြင်း၊

(င) တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ပညာဆက်လက်သင်ကြားခွင့် မရရှိသည့် ကျောင်းသူကျောင်းသားများ၏ ပညာသင်ကြားခွင့် ပြန်လည်ရရှိရေးနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်တောင်းခံလာလျှင် သဘောထားမှတ်ချက်ပေးခြင်း။

၅၇။ မြို့နယ်ကော်မတီသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ရေးကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၅၈။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ ကျန်းမာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) ကျေးလက်ဒေသတွင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့နှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးဝါးများ လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊

(ခ) အစားအသောက်နှင့် ဆေးဝါးများ တရားမဝင် ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

(ဂ) အလှအပရေးရာဆေးခန်းများ တရားမဝင်ဖွင့်လှစ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

(ဃ) ကူးစက်ရောဂါများမဖြစ်ပွားရေး ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းနှင့် ဖြစ်ပွားပါက ထိန်းချုပ်တားဆီးကာကွယ်ရေး ဆောင်ရွက်ခြင်း၊

(င) ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများကို ဒေသခံပြည်သူများ တက်ရောက်နိုင်စေရေး ဆောင်ရွက်ခြင်း၊

(စ) ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

(ဆ) ဆေးရုံ၊ ဆေးခန်းနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅၉။ မြို့နယ်ကော်မတီသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များက အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၆၀။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) စေတနာ့ဝန်ထမ်းဂေဟာများ၊ နေ့ကလေးထိန်းကျောင်းများ၊ မူလတန်းကြိုကျောင်းများ၊ ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ခြင်း၊

(ခ) အရေးပေါ်ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊

(ဂ) မီးဘေးကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် အများပြည်သူတို့အား နှောင့်ယှက်မှုမှ တားဆီးခြင်း၊

(ဃ) ဒေသခံပြည်သူများ၏အကျိုးကို လတ်တလောထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက်

အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တင်ပြလာပါက ချက်ချင်းဆောင်ရွက်ခြင်း၊

( င ) သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ ဟိုတယ်နှင့်တည်းခိုခန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( စ ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မထိခိုက်စေဘဲ တိုင်းရင်းသားလူမျိုးများ၏ ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းများနှင့်အညီ လူမှုရေးကိစ္စများဆောင်ရွက်ခြင်း၊

(ဆ) မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းကူညီ ဆောင်ရွက်လာစေရန် စည်းရုံးခြင်းနှင့် ထောက်ပံ့ခြင်း၊

( ဇ ) ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ရှေးဟောင်းပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဈ ) မှုခင်းကျဆင်းရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

( ည ) သန်းခေါင်စာရင်းလုပ်ငန်းများနှင့် လူဦးရေစာရင်း ကောက်ယူရာတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး၊ လူငယ်ရေးရာကဏ္ဍဖွံ့ဖြိုးရေး၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များအား ဆောင်ရွက်ခြင်း၊

( ဌ ) အမျိုးသမီးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများကိုကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ခြင်း၊

( ဍ ) တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများ တိုးတက်မြင့်မားရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

( ဎ ) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဏ) ဆင်းရဲနွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့မှုစနစ်များ ပိုမိုအားကောင်း လာစေရေးနှင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(တ) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၆၁။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ကျေးလက်စီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းစေရေးအတွက် လိုအပ်သောနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ၊ သွင်းအားစုများ လွယ်ကူချောမွေ့စွာရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊

(ခ) စိုက်ပျိုးရေးချေးငွေ၊ မွေးမြူရေးချေးငွေများ ထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော သုတေသနလုပ်ငန်းများနှင့် တီထွင်ဆန်းသစ်မှုများကို အားပေးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများအား မြှင့်တင်ပေးခြင်း၊

(င) ကုန်စည်ဖြန့်ဖြူးရေးလမ်းကြောင်းများ တိုးချဲ့ခြင်းနှင့် ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်တည်ဆောက်ခြင်း၊

(စ) ကျေးလက်ဒေသအတွင်း သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေရရှိစေရေးအတွက် ရေတွင်း၊ ရေကန်၊ ရေသန့်စင်စနစ်များ တည်ဆောက်ခြင်း၊

(ဆ) ကျေးလက်ဒေသအတွင်း ကျေးလက်လျှပ်စစ်မီးရရှိရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်သုံးစွဲသော ကျေးရွာများ ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) ကျေးလက်ဒေသအခြေပြု ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဒေသယဉ်ကျေးမှုနှင့် သဘာဝအလှများ ဖော်ထုတ်မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဈ) ကျေးလက်ဒေသအတွင်း သစ်တောပြုန်းတီးမှုမရှိစေရေးနှင့် ရေအရင်းအမြစ်ကာကွယ်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ခြင်း၊

(ည) ကျေးလက်ဒေသလူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှုနှင့် လူနေမှုပုံစံတို့ကို စနစ်တကျ ပြုစုထားရှိစေရေး ဆောင်ရွက်ခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ စနစ်တကျပြုစုခြင်း။

၆၂။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) မြို့နယ်အတွင်း ဖြစ်နိုင်ခြေရှိသောဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေးစီမံချက်များရေးဆွဲခြင်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဟောပြောပွဲကျင်းပခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်အတွင်းရှိ အခြေခံအဆောက်အဦများ ဘေးအန္တရာယ်ခံနိုင်ရည်ရှိစေရန် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) သဘာဝဘေးမဖြစ်ပွားမီ သဘာဝဘေးဆိုင်ရာ အရေးပေါ်ပစ္စည်းများဖြစ်သည့် ရေ၊ ဆေးဝါး၊ အစားအစာနှင့် လိုအပ်သော ပစ္စည်းများ ကြိုတင်စုဆောင်းနိုင်ရေး ဆောင်ရွက်ခြင်းနှင့် ယာယီခိုလှုံရာစခန်းများ ကြိုတင်သတ်မှတ်နိုင်ရေး ဆောင်ရွက်ခြင်း။

၆၃။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ သဘာဝဘေးဖြစ်ပွားပြီးနောက် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) သဘာဝဘေးဒဏ်ခံစားခဲ့ရသူများကို အမိုးအကာအောက် အမြန်ရောက်ရှိစေရေး ဆောင်ရွက်ခြင်း၊

(ခ) ကျန်းမာရေးစောင့်ရှောက်မှု အလျင်အမြန်ရရှိစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပျက်စီးသွားသောအခြေခံအဆောက်အဦများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ဆုံးရှုံးသွားသော လယ်ယာစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ထောက်ပံ့ခြင်း။

## အခန်း(၉)

## အထွေထွေ

၆၄။ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများသည် မြို့နယ်ကော်မတီသို့ ပေးပို့သည့် စာရင်းဇယားများကို တိကျမှန်ကန်စွာပေးပို့စေရေး ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ရန်နှင့် ယင်းသို့ ဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤညွှန်ကြားချက်နှင့်အညီ ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၆၅။ သက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤညွှန်ကြားချက်ပါ ၎င်းနှင့်စပ်လျဉ်းသည့် လိုက်နာရမည့် အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၆၆။ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက တိုင်ကြားချက်အပေါ် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဖော်ထုတ်စစ်ဆေးရာတွင် တိကျခိုင်လုံမှန်ကန်ခြင်း မရှိပါက မမှန်မကန်တိုင်ကြားသူအား တည်ဆဲဥပဒေနှင့်အညီ အရေးယူစေရမည်။

၆၇။ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကော်မတီသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) မြို့နယ်တရားရုံး၏ လုပ်ငန်းများအောင်မြင်စေရေးနှင့် တရားရုံး၏ လုံခြုံရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ခ) မြို့နယ်ဥပဒေရုံး၏ လုပ်ငန်းများအောင်မြင်စေရေးနှင့် ဥပဒေရုံး၏ လုံခြုံရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) မြို့နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းများအောင်မြင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း။

၆၈။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ဤညွှန်ကြားချက်နှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်စေရေး ကြီးကြပ်ကွပ်ကဲပေးရမည်။

၆၉။ မြို့နယ်ကော်မတီသည်-

(က) အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါတို့၏ တင်ပြချက်နှင့်အကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊

(၂) တိုင်းရင်းသားပြည်သူများ၊

(၃) အရပ်ဘက်အဖွဲ့အစည်းများ။

(ခ) အပိုဒ်ခွဲ (က)ပါ တင်ပြချက်၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်ကော်မတီသို့ တင်ပြရမည်။

၇၀။ မြို့နယ်ကော်မတီသည် အများပြည်သူတို့၏ တင်ပြစာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်။

၇၁။ မြို့နယ်ကော်မတီသည် မြို့နယ်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာရှိ ပြည်သူများအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာမှ တက်ရောက်လိုသော ဒေသခံပြည်သူများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို သုံးလလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြုလုပ်ခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများ၏ လိုအပ်ချက် သဘောထားများကို ရယူခြင်း၊ ဒေသအလိုက်ဆောင်ရွက်နေသော လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများကို ရှင်းလင်းအသိပေးခြင်း၊ ဒေသ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းတို့ကို ခြောက်လလျှင် အနည်းဆုံးတစ်ကြိမ် ဆောင်ရွက်ခြင်း၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းရှိ လူမှုရေး၊ ဘာသာရေးဆိုင်ရာကိစ္စရပ်များအတွက် ရပ်မိရပ်ဖ၊ ဂေါပကအဖွဲ့များက အလှူငွေ သို့မဟုတ် ရန်ပုံငွေများ ကောက်ခံလိုပါက ကော်မတီများ ဖွဲ့စည်းခြင်း၊ ရရှိလာသော အလှူငွေ သို့မဟုတ် ရန်ပုံငွေများကို သက်ဆိုင်ရာ လုပ်ငန်းအလိုက် စနစ်တကျသုံးစွဲစေရေး ကြပ်မတ်ခြင်း၊ စာရင်းထားရှိစေခြင်း၊ စာရင်းစစ်ဆေးစေခြင်း၊ အသုံးစရိတ်ရှင်းတမ်းများ တင်ပြစေခြင်းနှင့် ပွင့်လင်းမြင်သာစေရန် ချပြဆွေးနွေးစေခြင်း။

၇၂။ မြို့နယ်ကော်မတီသည် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်မြေခံတပ်ရင်းတပ်ဖွဲ့နှင့် လုံခြုံရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တတ်သိပညာရှင်များနှင့်ပုဂ္ဂိုလ်များအား လိုအပ်ပါက ဖိတ်ကြားခြင်း၊ အကြံပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

အမိန့်အရ

ခင်လတ်

ဒုတိယဝန်ကြီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

စာအမှတ်၊ ၁၅၈ ( ၂ ) / ၈ / ကောင်စီရုံး

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ( ရုံး / ဌာနကြီးများအားလုံး)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း ( ၁ ) တွင် ထည့်သွင်းကြေညာပေးပါရန်။